ကလေးများအတွက် သမ္မာကျမ်း
လက်ဆောင်များ

# ယေရှု၏
# မွေးဖွားခြင်း



ရေးသားသူ: Edward Hughes

ပန်းချီဆွဲသူ: M. Maillot; Alastair Paterson

လက်ခံချိတ်ဆက်သူ: E. Frischbutter; Sarah S.

ဘာသာပြန်သူ: Christian Lingua

ထုတ်လုပ်သူ: Bible for Children
www.M1914.org

©2023 Bible for Children, Inc.
လိုင်စင် - သင်သည်ဤဝတ္ထုကို မရောင်းမခြင်း၊ မိတ္တူနှင့် ပုံနှိပ်မှုပြုလုပ်နိုင်သည်။

ရှေးအခါက ဘုရားသခင်သည်
ကောင်းကင်တမန် ဂါဗြေလကို
ဂျူးအပျိုကြည်ာ မာရိထံသို့
စေလွှတ်ခဲ့၏။



သူ သည်သူမကိုပြောခဲ့သည်မှာ
“သင်သည်ကလေးတစ်ယောက်ရလာပြီး
သူကိုယေရှုဟု မှည့်ခေါ်ရမည်။



သူသည် အမြင့် ဆုံးသောဘုရားသခင်၏
သားတော်ဟု ခေါ်ခြင်းကိုခံရလိမ့်မည်။
သူသည်ထာဝရ စိုးစံရလိမ့်မည်။"



“ဒါဘယ်လိုဖြစ်နိုင်မှာလဲ?
ကျွန်မသည်မည်သည့်အမျိုးသားနှင့်မှ
မထိတွေ့ဖူးပါ။”
အံ့သြနေသောမိန်းကလေး
က ပြန်မေးခဲ့၏။“



ကောင်းကင်တမန်က ထိုကလေးသည်
ဘုရားသ္ခင်ထံတော်မှလာသူဖြစ်ကြောင်း
လူယောက်ျားအ ဖေမှ
ဖြစ်လာသူမဟုတ်ကြောင်း
ပြောပြခဲ့၏။



ထိုနောက် ကောင်းကင်တမန်သည် မေရီ၏ ဝမ်းကွဲအစ်မ အဲလိဇဗက်မှာ အသက်ကြီးမှ ကလေးရနေသည့် အကြောင်းကို ပြောပြခဲ့၏။ ယင်းသည်



အံ့ဖွယ်နိမိတ်တစ်ခုပင်။

မကြာမီ  မာရိသည် အဲလိဇဗက်ထံ

အလည်သွားခဲ့ ၏။

သူတို့သည်

ဘုရားသခင်၏

ကျေးဇူးတော်ကို

အတူတကွ

ချီးမွမ်းကြ၏။



မာရိသည် ယောသပ်ဟူသော
အမျိုးသားနှင့် လက်ထပ်ရန်
စေ့စပ်ထား၏။

ယောသပ်သည်
မာရိ၌ ကိုယ်ဝန်
ရှိနေသည်ကို
ကြားရသောအခါ
ဝမ်းနည်း၏။



သူထင်သည်မှာ အခြားသော
ယောက်ျားတစ်ယောက်က၊
ကလေးအဖေ
ဖြစ်မည်ဟု
ဖြစ်၏။



အိမ်မက်ထဲတွင် ဘုရားသခင်၏ ကောင်းကင်တမန်သည် ယောသပ်အား ထိုကလေးသည် ဘုရားသခင်၏သား ဖြစ်သည့်အကြောင်းကို ပြောပြခဲ့၏။ ယောသပ်သည်ယေရှုကိုစောင့်ရှောက်သည့် မာရိကို ကူညီရန် ဖြစ်သည်။



ယောသပ်သည် ဘုရားသ္ခင်ကို ယုံကြည်၊ နာခံသူဖြစ်၏။
သူသည် တိုင်းပြည်၏



ဥပဒေများကိုလည်း လိုက်နာ သူဖြစ်၏။


ဥပဒေအသစ်ကြောင့် သူနှင့် မာရိတို့သည်
သူတို့၏ ဇာတိမြေသို့
အခွန်ဆောင်ရန်
ပြန်ခဲ့ကြရ၏။


မာရိသည်
ကလေးကို
မွေးဖွားရန်
အချိန်ရောက်နေပေသ
ည်။ သို့သော်
ယောသပ်သည်
တည်းရန်
အခန်းမရ သေး။
တည်းခိုအိမ်များမှာ
အားလုံးပြည့်နေ၏။

ယောသပ်သည် နောက်ဆုံးတွင် နွားတင်းကုပ်တစ်ခုကို
တွေ့ခဲ့သည်။ ထိုနေရာတွင်
ယေရှုကလေးသည် ...




... မွေးဖွားခြင်းကိုခံယူခဲ့သည်။ သူအမေက သူ့ကို
နွားစာထည့်သော
နွားစားခွက်ထဲတွင်
သိပ်ထား၏။


အနီးအနားတွင် သိုးထိန်းများသည် သိုးအုပ်များကို
ကျောင်းလျက်ရှိ၏။ ဘုရားသခင်၏
ကောင်းကင်တမန် သည်
ပေါ်လာကာ
အံ့သြဖွယ်သတင်းကို
ပြောကြားခဲ့၏။


"ဤနေ့တွင် ဒါဝိတ်၏ မြို့တော်၌ ကယ်တင်ရှင်
သခင်ယေရှုသည် သင့်အတွက်
ဖွားမြင်ခြင်းကိုခံတော်မူပြီ၊
သင်တို့သည်
နွားစားခွက်၌
သိပ်ထားသော
သူငယ်ကို
တွေ့ကြလိမ့်မည်။"


ရုတ်တရက် တောက်ပသော
ကောင်းကင်တမန်များတို့သည်
ပေါ်လာကာ
ဘုရားသခင်ကို
ချီးမွမ်းကြပြီး၊ ...


…"အမြင့်ဆုံးသော ဘုရားသခင်သည်
ဘုန်းကြီးတော်မူပါစေ၊
မြေကြီးပေါ်တွင်
ငြိမ်သက်ခြင်းရှိပါစေ၊
…


… လူတို့အပေါ် မင်္ဂလာသက်ရောက်ပါစေ။”
ဟု ပြောဆိုကြ၏။


သိုးထိန်းတို့သည် နွားတင်းကုပ်သို့
အလျှင်အမြန်သွားခဲ့ကြ၏။

သူငယ်တော်ကို တွေ့ပြီးနောက် သူတို့သည်
ကောင်းကင်တမန်များကပြောခဲ့သောယေရှုအကြောင်း
ကို လူတိုင်းကို ပြောပြကြ၏။





ရက်ပေါင်း
လေးဆယ်လွန်ပြီးနောက်
ယောသပ်နှင့်
မာရိတို့သည်
ယေရှုကို
ယေရှုရှလင်မြို့
ဗိမ္မာန်တော်သို့
ဆောင်ခဲ့ကြ၏။



ရှိ မုန်ဟုခေါ်သောလူတစ်ဦးသည်
သူငယ်တော်ကိုမြင်၍
ဘုရားသခင်ကို
ချီးမွမ်းလေ၏။
ဘုရားသခင် ၏
အစေခံဖြစ်သော
အဖိုးအန္န ဆိုသူကလည်း
ကျေးဇူးတော်ကို
ချီးမွမ်းလေ၏။



ထိုနှစ်ဦးတို့သည် ယေရှုက
ဘုရားသခင်၏ သားတော်၊
ကတိတော်ထားခဲ့သော
ကယ်တင်ရှင်
ဖြစ်ကြောင်းကို
သိကြ၏။
ယောသပ်သည်
ငှက်နှစ်ကောင်ကို
ပူဇော်ခဲ့၏။



ဤကား အသစ်မွေးဖွားလာသော
ကလေးကို ဘုရားသခင်
အား ဆက်သရာတွင်
ဆင်း
ရဲသောလူတို့အတွက်
ဘုရားသခင်၏
ပညတ်တော်အတိုင်း
ပူဇော်သောယဇ်ပင်ဖြစ်၏။



အချိန်အတန်ကြာပြီးနောက် အထူးကြယ်ကြီးတစ်လုံးသည် အရှေ့ပြည်မှ ပညာရှိများကို ယေရုရှလင်မြို့သို့ လမ်းပြခဲ့သည်။ “ဂျူးတို့၏ မင်းအဖြစ် မွေးဖွားလာသူသည် အဘယ်မှာနည်း?” သူတို့မေးခဲ့ကြ၏။ “ငါတို့ သူ့ကို ဝတ်ပြုချင်လို့ပါ။”

ဟေရုတ်မင်းသည်
ထိုပညာရှိများအကြောင်းကို
ကြားခဲ့၏။
စိတ်အနှောင့်အယှက်ဖြစ်စွာဖြင့်
သူတို့ကို
ယေရှု ကို ...



... တွေ့ခဲ့လျှင်
သူ့ကို ပြန်ပြောပြရန်
တောင်းဆိုခဲ့၏။ “ငါလည်း
သူ့ကို ကိုးကွယ်ချင်တယ်”
ဟေရုတ်ကဆို၏။ အမှန်
တွင် သူ လိမ်နေခြင်းဖြစ်၏။
ဟေရုတ်သည် ယေရှုကို
သတ်ချင်ခဲ့၏။





ကြယ်ကြီးသည် မေရီနှင့်ဂျိုးဇက်တို့ သူငယ်တော်နှင့်
အတူရှိနေသော အိမ်သို့ တိကျစွာ
လမ်းညွှန်ပြခဲ့၏။
ထိုခရီးသွားတို့သည်
ယေရှုကို
ဒူးထောက်ဝတ်ပြုကာ
ရွှေနှင့်
အဖိုးတန်ရေမွှေးတို့ကို
လက်ဆောင်ပေးခဲ့ကြ၏။

ဘုရားသခွင်သည်
ပညာရှိတို့အား မိမိအိမ်သို့
တိတ်တဆိတ်ပြန်ရန်
သတိပေးခဲ့၏။




ဟေရုတ်သည်
အလွန်စိတ် ဆိုးခဲ့၏။
ယုတ်မာသောမင်းသည်
ယေရှုကို နှိပ်ကွပ်ရန် ...


... စိတ်ဆိုးဖြတ်ခဲ့ကာ ဗက်လင်ရှိ
ယောက်ျားကလေးငယ်များကို
သတ်ဖြတ်ခဲ့၏။



သို့သော် ဟေရုတ်သည်
ဘုရားသခင်၏ သားတော်ကို
အန္တရာယ်မပြုနိုင်ခဲ့ပေ!
ယောသပ်သည် အိပ်မက်တွင်
သတိပေးခံရကာ မာရိနှင့်
ယေရှုကို အီဂျစ်ပြည်သို့
လုံခြုံစွာဖြင့်
ခေါ်ဆောင်သွားနိုင်ခဲ့၏။



ဟေရုတ်ကွယ်လွန်ပြီး
နောက် ယောသပ်သည်
မာရိနှင့်ယေရှုကို
အီဂျစ်ပြည်မှ
ပြန်ခေါ်ဆောင်လာခဲ့၏။
သူတို့ သည် ဂါလိလဲပင်လယ်အနီးရှိ
နာဇရက်မြို့ငယ်တွင် နေထိုင်ခဲ့ကြ၏။

# ယေရှု၏ မွေးဖွားခြင်း

ဘုရားသခင်၏ နှုတ်ကပတ်တော်ဝတ္ထု၊ သမ္မာကျမ်း

ကို တွင်တွေ့ခဲ့

မဿဲ ၁-၂၊ လုကာ ၁-၂

"ကိုယ်တော်၏ နှုတ်ကပတ်တော်မှန်ဝသည် အလင်းကိုပေး၏။" ဆာလံ ၁၁၉း၁၃၀

ပြီးဏါ

ဤသမ္မာကျမ်းဝတ္ထုသည် ကျွန်ုပ်တို့အား အံ့ဖွယ်ကောင်းလှသော ဘုရားသခင်အကြောင်းကို ပြောပြပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့အားဖန်ဆင်းခဲ့ကာ သင်တို့သည် ကိုယ်တော့် ကိုသိရှိရန် လိုလားတော်မူ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့က မကောင်းမှုပြုခဲ့သည့်အကြောင်းကို သိတော်မူပြီး၊ ယင်းကို ကိုယ်တော်ကအပြစ်ဟုခေါ်သည်။ အပြစ်ဒဏ်မှာ သေခြင်းပင်ဖြစ်၏၊ သို့သော် ဘုရားသခင်သည် သင့်ကိုအလွန်ချစ်၍ကိုယ်တော်၏ တစ်ပါးတည်းသောသားတော်ကို သင်တို့၏အပြစ်များအအ တွက်လက်ဝါးကပ်တိုင်၌ အပြစ်ပေး၊ အသေခံစေခဲ့ပါသည်။ ထိုနောက် ယေရှုသည် အသက် တော်ပြန်ရှင်ကာ ကောင်းကင်စံအိမ်တော်သို့ ပြန်တက်တော်မူခဲ့သည်။ သင်သည်ယေရှုကိုယုံ ကြည်၍ ကိုယ်တော့်ထံတော်တွင် အပြစ်လွှတ်ရန် တောင်းပန်ခဲ့လျှင် ကိုယ်တော်သည် အပြစ် လွှတ်ပေးတော်မူလိမ့်မည်။ ကိုယ်တော်သည် ကြွတော်မူလာကာ သင့်အတွင်း၌ ယခုအသက်ရှင် တော်မူလိမ့်မည်၊ ၎င်းနောက် သင်သည် ကိုယ်တော်နှင့် ထာဝရနေထိုင်ရပေမည်။

ဤအရာသည်အမှန်တရားဖြစ်၍
သင်ယုံကြည်မည်ဆိုလျှင် ဘုရားသခင်ကို ဤသို့ဆိုလိုက်ပါ။
ချစ်စွာသောယေရှု၊ ကိုယ်တော်သည်ဘုရားသခင်ဖြစ်တော်မူကြောင်းကို
ကျွန်ုပ်ယုံကြည်ပါ၏၊ လူသားအဖြစ်ကြွရောက်လာကာ ကျွန်ုပ်၏အပြစ်အတွက်
အသေခံတော်မူခဲ့ကာ တဖန် ပြန်ရှင် တော်မူခဲ့ပါ၏။ ကျေးဇူးပြု၍
ကျွန်ုပ်၏ဘဝထဲ ဝင်ရောက်ကာ အပြစ်များကိုလွှတ်တော်မူပါ။ ကိုယ်တော့်ကြောင့်
ကျွန်ုပ်သည် ယခုဘဝသစ်ကို ရနိုင်ပါပြီ၊ တစ်နေ့တွင်ကိုယ်တော်နှင့် ကျွန်ုပ် သည်
ထာဝရအတူရှိပါမည်။ ကိုယ်တော့်ကို နာခံတတ်ရန်၊ ကိုယ်တော့်ကလေးကဲ့သို့
အသက်ရှင် တတ်ရန် မစတော်မူပါ။ အာမင်။

သမ္မာကျမ်းစာကိုဖတ်ကာ ဘုရားသခင်နှင့်
နေ့စဉ်စကားပြောပါ။ ယော ၃း၁၆